Burmese | မြန်မာ

# Diabetes CONNECT

## Diabetes Connect ဆိုတာ ဘာလဲ။

Diabetes Connect ဆိုသည်မှာ အမျိုးအစား 2 ဆီးချိုရောဂါရှိသူများအား ၎င်းတို့၏ ကျန်းမာရေးနှင့် သုခကို စီမံခန့်ခွဲရန် ပံ့ပိုးပေးသည့် ပရိုဂရမ်အသစ်တစ်ခုဖြစ်သည်။ ၎င်းကို မြို့တော်နှင့် ဒေသဆိုင်ရာ ဗစ်တိုးရီးယားတစ်ဝှမ်းရှိ ရွေးချယ်ထားသော ရပ်ရွာကျန်းမာရေးဝန်ဆောင်မှုများက ပံ့ပိုးပေးသည်။

## ဤအစီအစဉ်ကနေ ကျွန်ုပ် ဘာရနိုင်သနည်း။

- သင့်ကျန်းမာရေးနှင့် သုခကို စီမံခန့်ခွဲရန် သင်လိုအပ်သော ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများကို ဆုံးဖြတ်ရန် စောင့်ရှောက်မှု ညှိနှိုင်းရေးမှူးတစ်ဦးနှင့် လုပ်ဆောင်နိုင်မည်ဖြစ်သည်။
- သင်ရရှိနိုင်သော ဝန်ဆောင်မှုအချို့မှာ-

**ဤကဲ့သို့သော မဟာမိတ်ကျန်းမာရေး-**

- ဆီးချိုရောဂါပညာပေး
- ခြေဖဝါးနာ အထူးကုသမှု
- အဟာရဗေဒ
- ရုပ်ပိုင်းဆိုင်ရာကုထုံး

**ရပ်ရွာဝန်ဆောင်မှုများဖြစ်သော-**

- လူမှုဖူလုံရေး၊ ဥပဒေရေးရာနှင့် အိမ်ရာပံ့ပိုးမှုများ
- စားနပ်ရိက္ခာကယ်ဆယ်ရေး
- စိတ်ကျန်းမာရေး၊ စွဲလမ်းမှုနှင့် မသန်စွမ်းမှုဆိုင်ရာ ပံ့ပိုးကူညီမှုအပါအဝင် လူမှုရေးစောင့်ရှောက်မှုဝန်ဆောင်မှုများ
- လူမှုအသိုက်အဝန်းချိတ်ဆက်မှုကို တည်ဆောက်ပေးသော လူမှုရေးပံ့ပိုးမှုများ

- စောင့်ရှောက်မှုညှိနှိုင်းရေးမှူးသည် သင့်အား ချိန်းဆိုမှုများကို စီစဉ်ရန်နှင့် အစီအစဉ်အပြီးတွင် သင့်ကျန်းမာရေးနှင့် သုခကို စီမံခန့်ခွဲရန် သင့်အသိပညာနှင့် ကျွမ်းကျင်မှုများ တည်ဆောက်ရန် ကူညီပေးပါမည်။
- စောင့်ရှောက်မှုညှိနှိုင်းရေးမှူးသည် ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုအတွက် သင်ဆက်လက်ပြသသွားမည့် သင်၏အထွေထွေရောဂါကုဆရာဝန်နှင့် အနီးကပ် လက်တွဲဆောင်ရွက်မည်ဖြစ်ပါသည်။
- ဝန်ဆောင်မှုများကို မျက်နှာချင်းဆိုင် သို့မဟုတ် တယ်လီကျန်းမာရေးမှတစ်ဆင့် အဝေးမှ ရရှိနိုင်ပါသည်။

Australian Government
VICTORIA State Government | Department of Health

# ကုန်ကျစရိတ်နှင့် ကြာချိန်

Diabetes Connect သည် ပါဝင်သူများကို တစ်ပြားတစ်ချပ်မှ မကုန်ကျစေသည့် **အခမဲ့** အစီအစဉ်တစ်ခုဖြစ်သည်။*

ဤအစီအစဉ်သည် ဇွန်လ 2025 အထိ လည်ပတ်သွားမည်ဖြစ်သော်လည်း အစီအစဉ်တွင် သင်ကျန်ရှိနေသော အချိန်ကာလသည် သင့်တစ်ဦးချင်းစီ၏ အခြေအနေများပေါ်တွင် မူတည်ပါသည်။

* Diabetes Connect ကို Primary Care Pilots ပဏာမအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဓနသဟာယအစိုးရမှ ရန်ပုံငွေပံ့ပိုးပေးလျက်ရှိသည်။

ဤပဏာမအစီအစဉ်တွင် သင်၏ပါဝင်မှုနှင့်ပတ်သက်၍ အမည်မဖော်ပြမထားသော အချက်အလက်များကို စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းရည်ရွယ်ချက်များအတွက် ဗစ်တိုးရီးယားကျန်းမာရေးဌာနနှင့် ဓနသဟာယအစိုးရအား မျှဝေသွားမည်ဖြစ်ပါသည်။

ဤစာရွက်စာတမ်းကို အခြားပုံစံဖြင့် လက်ခံရယူရန် Diabetes Connect ပရောဂျက်အဖွဲ့ထံ အီးမေးလ်ပို့ပါ <partnerships.primary@health.vic.gov.au>.

Authorised and published by the Victorian Government, 1 Treasury Place, Melbourne.

© State of Victoria, Australia, Department of Health, March 2024.

ISBN/ISSN 978-1-76131-554-1 (online/PDF/Word) or (print)

ကျန်းမာရေး ပေါင်းစပ်စောင့်ရှောက်မှုဌာန
<https://www.health.vic.gov.au/primary-and-community-health/integrated-care> တွင် ရရှိနိုင်ပါသည်။

Australian Government

VICTORIA State Government | Department of Health